ရန်ကုန်လမ်းများ



# မျိုးစောင့်ဥပဒေ ကိုငြင်းဆိုလိုက်ခြင်း
နှင့်
# အမှောင်ကိုဖြတ်ကျော်လာသော အနက်ရောင်စဉ်စားခြင်းများ

## ဝေမှူးသွင်

# နိဒါန်း

ကျနော်ဟာ ရင့်ကျက်ဖို့ မပြည့်စုံသေးသော လူတစ်ယောက်အဖြစ် နှစ်ပေါင်းသုံးဆယ်ကျော် (လူ့သက်တမ်း တစ်ဝက်ခန့်) အသက်ရှင်သန်နေထိုင်လာခဲ့ပြီးပါပြီ။ ဒါပေမဲ့. . . အဲ့ဒီအထဲမှာ တချို့နှစ်တွေက အမှတ်တမဲ့ ၊ တချို့သက္ကရာဇ်တွေကျတော့ မှတ်မှတ်ရရ။ ဘယ်လိုဖြစ်ဖြစ် ကျနော်က ကျေနပ် ရောင့်ရဲနိုင်ခဲ့ပါတယ် ။ အောင်မြင်ခဲ့တဲ့ အနည်းအကျဉ်းလေးမှာ ရော ၊ ကျဆုံးရှုံးနိမ့်ခဲ့တဲ့ အများ အပြားမှာ ပါ အဆင်ပြေအောင် ကျနော်ကြိုးစားခဲ့ရတယ်။ အံ့ဩစွဲလန်းစရာတစ်ခုကတော့ ကျနော် ဖြတ်သန်းကျော်လွှားခဲ့တဲ့ ခုနှစ်၊ သက္ကရာဇ်များ အနက် ဒီ ( ၂၀၁၀ -၂၀၁၁) ၊ ၂၀၁၂) ခုနှစ်တွေမှာ ထူးထူးခြားခြား အချိုးအကွေးများ နဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရခြင်းပါပဲ။

ဟုတ်ပါတယ်။ အဲဒီ (၂၀၁၀) ခုနှစ်နောက်ပိုင်းကာလတွေဟာ ကျနော့်ဘဝအတွက် အရေးကြီးတဲ့ အရွေ့တချို့ကို ဖြစ်ပေါ်စေခဲ့တယ်။ အနုပညာနယ်ပယ်မှာ စာရေးဆရာ၊ ကဗျာဆရာတစ်ယောက်အဖြစ် ဆယ်စုနှစ်တစ်ခုကျော်ကျော် ရပ်တည်လာခဲ့တာ နေသားတကျ ရှိနေတုန်း ရုတ်တရက် အပြောင်းအလဲ တစ်ခုက ကျနော့် အဖျွတ္တကို ဖြုန်းခနဲ ရိုက်ပုတ်လိုက်တာပဲဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့ နိုင်ငံသားတစ်ယောက်အနေ နဲ့ ကျနော်က တိုင်းပြည်ရဲ့ နိုင်ငံရေးကိစ္စတွေမှာ နှစ်ပေါင်းတော်တော်ကြာအောင် စောင့်ကြည့်လေ့လာသူ ( Bystander ) တစ်ယောက် ၊ တက္ကသိုလ်ကျောင်းသားဘဝမှာ တက်ကြွလှုပ်ရှားသူ (Activist) တစ်

ယောက်အဖြစ် ရပ်တည်နေရာမှ ၊ (၂၀၀၇) ရွှေဝါရောင်တော်လှန်ရေး နောက်ပိုင်းကစပြီး နိုင်ငံရေးနယ်ပယ်သို့ ထဲထဲဝင်ဝင် ပတ်သက်ရောက် ရှိလို့ သွားခဲ့ပါတော့တယ်။

အဲဒီလို နိုင်ငံရေးထဲရောက်သွားတဲ့ အခါ စာပေပရိသတ်တွေထက် ပို မိုအရွယ်အစားကြီးမားကျယ်ပြန့်တဲ့ လူထုပရိသတ်များ နဲ့ ထိတွေ့ဆက် ဆံခွင့်ရလာပါတယ်။ ပြည်သူတွေ အကြောင်းလည်း အရင်ထက် ပိုသိ လာရတယ်။

မြန်မပြည်သူလူထုဆိုတာ တကယ်တော့ ကျနော်တို့ မိဘ၊ ဆွေမျိုး၊ မောင်နှမသားချင်းတွေနဲ့ သူငယ်ချင်းမိတ်ဆွေများ သာ ဖြစ်ပါတယ်။ ဒီ လို သူတို့ အကြောင်းသိ လာလေ၊ ကျနော်မှာ သူတို့ ကို ပြောပြချင်တာ တွေများ လာလေပါပဲ။ သူတို့ (မြန်မာ့လူထု) ကို တစ်စုံတစ်ရာ (Messag e) ပေးဖို့ လိုတယ်အပ်လို့ ကျနော် ထင်လာတယ်။

အခု ဒီဆောင်းပါးများမှာ ကျနော်က စာဖတ်သူတွေကို အဲဒီ တစ်စုံ တစ်ရာသော (Message)ပေးနိုင်ရန်ကြိုးစားထားပါတယ်။ ဒီစာတွေကို မရေးခင်ကတည်းက ကျနော့်မှာ စိုးရိမ်စွာနဲ့ ကြိုတင်ပြင်ဆင်မှု တချို့လု ပ်ခဲ့ရပြီး၊ ရေးနေစဉ်အတွင်း လိုအပ်တဲ့ အချက်အလက်များ ပြန်ရှာဖတ် ရင်း (စာဖတ်တဲ့ ဖက်ကို) အာရုံပြောင်းသွားမိတာလည်း မကြာခဏဆို သလိုပါပဲ။ စာရေးတဲ့ အတွေ့အကြုံ အထိုက်အလျောက် ရှိပြီးသားပေမ ယ့် ရေးရင်းတန်းလန်း ဘက်ဆက်ရေးလို့ ရေးရမှန်းမသိအောင် ဖြစ်သွားချိန်တွေလည်း ရှိခဲ့တယ်။ အကြောင်းအရာရဲ့ ဆွဲဆောင်မှုကြော င့် ရေးနေရင်း သွေးဆူလာတာမျိုးလည်း တွေ့ကြုံခဲ့ရတယ်။

ဘာပဲဖြစ်ဖြစ် ကျနော်က အခုဒီစာအုပ်ကို ပြီးအောင် ရေးနိုင်ခဲ့ပါပြီ။ ကျနော့်အနေနဲ့ အဲဒီအတွက် အပြည့်အဝ အားရကျေနပ်သွားတာမျိုး မရှိ

သေးသော်လည်း အတိုင်းအတာတစ်ခုအထိ ကျနော်ပြောချင်တာတွေ၊ မေးခွန်းထုတ်လိုတာတွေ၊ အရေးတကြီးဆွေးနွေးစရာရှိတာတွေ . . .(စသဖြင့်) လုပ်ဆောင်နိုင်ခဲ့လို့ အနည်းငယ်တော့ စိတ်အာသာပြေသွားမိတယ်။

အကြောက်တရားနဲ့ မသိနားမလည်မှု ဟာ ဒီစာအုပ်ကပေးချင်တဲ့ အဓိက (Message) ပဲဖြစ်ပါတယ်။ ကျနော်က အဲဒီအချက်နှစ်ချက်ကို အခြေခံထားပြီး တခြားအကြောင်းအရာများကို ထည့်သွင်းဆွေးနွေးထားပါတယ်။ အခု ဒီစာအုပ်မှာ တလျှောက်လုံးလိုလို အကြောက်တရားတွေနဲ့ အသက်ရှင်နေထိုင်ခဲ့ကြတဲ့ မြန်မာ့လူအဖွဲ့အစည်းထဲက လူတွေနဲ့ မျှဝေစကားပြောဖို့ ကြွန်တော်ရည်ရွယ်ပါတယ်။ တစ်နည်းအားဖြင့် အလင်တစ်စက်က အားထုတ်ကြိုးပမ်းကြည့်လိုက်တာပါ။ တစ်နည်းအားဖြင့် ပြောရရင် အာဏာရှင်စနစ်ကို ကျနော့်နည်း၊ ကျနော့်ဟန်နဲ့ အစွမ်းရှိသမျှ ရင်ဆိုင်လိုက်ခြင်းပါပဲ။ ထိရောက်မှု ရှိ၊ မရှိကတော့ ကျနော့်စာပေအရည်အသွေးနဲ့ သာမက စာဖတ်သူများ ရဲ့ ကံတရားနဲ့ ပါတိုက်ရိုက် သက်ဆိုင်နေတယ်လို့ ထင်ပါတယ်။

အနုပညာဆိုတာ ဘယ်နိုင်ငံရေးအယူအဆနဲ့ လက်အောက်ခံမှ မဟုတ်ဘူး လို့ ခံယူထားတဲ့ ကျနော့်အဖို့ ဘုန်းတော်ကြီး ဒစ်စမွန်တူးတူး ပြောခဲ့တဲ့ စကားတစ်ခွန်းကြောင့်လည်း ဘက်လိုက်ပြီး ဒီစာအုပ်ကို ရေးဖြစ်သွားခြင်း ဖြစ်ပါတယ်။ အဲဒီ စကားကတော့ ပါတဲ့ ။ ကျနော့်ကို လှုပ်ခတ်သွားစေခဲ့တဲ့ စကားတစ်ခွန်းဖြစ်ကြောင်း ဒီနေရာကနေ အသေအချာ ဝန်ခံလိုပါတယ်။

ကျနော့် ဒီဆောင်းပါးများ ဟာ လူ့အခွင့်အရေးအပြည့်နဲ့ ရှင်သန်ကြီးပြင်းလာကြသော မျက်စိကြီး၊ နားကြီးပညာရှိ

သူရဲကောင်းများကို မရည်ရွယ်ပါဘူး။ အတိအကျပြောရရင် သတင်းအချက်အလက်တွေ သိပ်မရကြတဲ့ တောသူ၊ တောင်သား၊ သာမန်ပြည်သူပြည်သားများကိုသာ ရည်ရွယ်ပါတယ်။ ကျနော့်အရေးအသား၊ သုံးသပ်တင်ပြပုံတို့ နဲ့ ပတ်သက်ပြီး စာဖတ်သူများ ထံမှ သဘောတူခြင်း၊ သဘောမတူခြင်း၊ အားလုံးကို မျှော်လင့်ထားမိပါရဲ့ ။

ပြောလိုတာတစ်ခုက ခင်ဗျားတို့ ရဲ့ သဘောမတူညီမှုကို ကျနော်က လေးစားမှုအပြည့်နဲ့ သဘောတူညီကြောင်းပါ ခင်ဗျား. . .။ ။

( ဝေမှူးသွင်)

မတ်လ၊ ၂၀၁၃ ခုနှစ်၊

*

။ ၁ ။

ယနေ့ကျနော်တို့ မြန်မာလူ့ဘောင်တစ်ရပ်လုံးဟာ ကျော်လွန်ခဲ့ပြီဖြစ်သော အတိတ်ကာလ စစ် အာဏာရှင်တို့ ရဲ့ အုပ်စိုးထိန်းချုပ်မှုများကြောင့် အကြီးအကျယ် ပြိုလဲကျဆုံးလျက်ရှိပါတယ်။ ဒါဟာ အားလုံးမြင်သာတဲ့ အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ဒီတော့ တိုင်းပြည်ကို နှစ်ပေါင်းငါးဆယ်ခန့် မင်းမူလွှမ်းမိုးနေကြတဲ့ အာဏာရှင်တွေ ဘာကြောင့်များ တလျှောက်လုံးရပ်တည်နေနိုင်ရသလဲဆို တာ ကျနော်တို့ စဉ်းစားဖို့ လိုလာပါပြီ။

အဲဒီအခါ ဗိုလ်နေဝင်းအာဏာသိမ်းခဲ့သော (၁၉၆၂) ခုနှစ်ကနေ ဒီနေ့အထိ (ဆယ်စုနှစ်ငါးစု ခန့်) အချိန်ကာလကြားမှာ ဟိုလူကြောင့်၊ ဒီဖြစ်ရပ်ကြောင့် (စသဖြင့်) စွပ်စွဲစရာ အချက်အလက် ပေါင်းများ စွာ ပေါ်ထွက်လာတာတွေ့ ရပါလိမ့်မယ်။ ပြီးရင် ထိုအချက်အလက်ပေါင်းများ စွာကြားမှာ (တစ်ဖက်နဲ့ တစ်ဖက်) အပြန်အလှန် ငြင်းခုန်မှုတွေကို နောက်ဆက်တွဲအနေနဲ့ မလွဲမသွေကြုံတွေ့ရ ပြန်ပါတော့တယ်။ ဘယ်တော့မှ မပြီးဆုံးသော၊ အဖြေမထွက်သော . . . အဆိုပါအငြင်းအခုန်ရန်ပွဲတွေမှာ ကျနော်တို့ အားအင်တွေကုန်ခမ်းကာ ငြီးငွေ့သွားခဲ့ကြတယ်။ ကျနော်တို့ က ရှုပ်ထွေးလှတဲ့ နိုင်ငံရေးဖြစ်စဉ်ကြီးထဲက အသေးအဖွဲ့အချက် အလက်လေးများမှာ အားစိုက်ငြင်းခုန်နေပြီး၊ လူ့အဖွဲ့ အစည်းရဲ့ အဓိက ချွတ်ယွင်းပျက်စီးနေသောအပိုင်းကို မမြင်နိုင်ခဲ့ကြဘူး။ အဲဒီအပိုင်းကတော့ လူ တွေရဲ့ ရင်ထဲမှာ ကိန်းဝပ်နေတဲ့ “အကြောက်တရား” ဆို

တာပါပဲ”

ဒါနဲ့ ပတ်သက်လို့ အစောကြီးထဲကသိမြင်သူတွေကလည်း လူထုကို ဖော်ထုတ်ပြောဖို့ တာဝန် မဲ့စွာ နှာစေးနေခဲ့ကြတယ်။ (သို့မဟုတ်) မိမိ ပြန်ရမယ့်ဆုံးရှုံးမှုက အရင်းအနှီးကြီးမားတော့ မစွန့်စား ရဲဘဲ သူတို့ ကိုယ်တိုင် အကြောက်တရားကို ပုံစံတစ်မျိုးနဲ့ ထောက်ခံသူတွေ ဖြစ်သွားခဲ့ကြတယ်။

ဒီလိုနဲ့ ပဲ တိုင်းပြည်က အာဏာရှင်တွေရဲ့ စနစ်ဆိုးအောက်မှာ နှစ်ပေါင်းများ စွာ ကျဆုံးခဲ့ရ တော့တယ်။ စစ်အာဏာရှင် အစိုးရနှစ်ဆက်ရဲ့ မတရားအုပ်စိုးမှုကြောင့် ဒီလောက်သဘာဝအရင်းအ မြစ်တွေ ကြွယ်ဝတဲ့ တိုင်းပြည်မှာ လူတွေဆင်းရဲဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့ခဲ့ရတယ်။ အကြမ်းအားဖြင့် အဲဒီကာလကို တော်လှန်ရေးကောင်စီ+မဆလခေတ် (၁၉၆၂ -၁၉၈၈) နဲ့ နဝတ+နအဖခေတ် (၁၉၈၈ ကနေ ၂၀၁၀ အထိ) ဆိုပြီး နှစ်ပိုင်းခွဲခြားနိုင်ပါတယ်။

ဗိုလ်နေဝင်းအာဏာစသိမ်းစဉ် (၁၉၆၂) ခုနှစ်တုန်းက မြန်မာနိုင်ငံက အရှေ့တောင်အာရှမှာ (စီးပွားရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု . . . ) အားလုံး ထိပ်တန်းအဆင့်ရှိပြီး ဒေသတွင်း ဗဟိုနိုင်ငံ တစ်နိုင်ငံလည်း ဖြစ်ပါတယ်။ အာရှဂုဏ်ဆောင်နိုင်တဲ့ ဦးဆောင်နိုင်ငံတစ်နိုင်ငံလို့ သတ်မှတ်ခံခဲ့ရ တယ်။ (ဒါတောင် ပြည်တွင်းစစ်ကြီးက ရှိနေလို့ . . .။) အဲဒီလိုနိုင်ငံမျိုးကို ဗိုလ်နေဝင်းဦးဆောင်တဲ့ စစ်အစိုးရက အာဏာသိမ်းအုပ်ချုပ်လိုက်တာ မဆလအစိုးရနေဝင်ခါနီး (၁၉၈၇၊ ဒီဇင်ဘာ) မှာ မြန် မာနိုင်ငံဟာ ဒေဝါလီခံခဲ့ရပြီ၊ ကမ္ဘာ့ဖွံ့ဖြိုးမှု အနိမ့်ကျဆုံး (LDC ) နိုင်ငံတစ်ခုအဖြစ် စာရင်းသွင်းခံ လိုက်ရပါတော့တယ်။ ဗိုလ်နေဝင်းရဲ့ (ဆိုရှယ်လစ် အယောင်ဆောင်) အာဏာရှင်အစိုးရဟာ မြန်မာ ပြည်ကို အဲဒီလိုသူ

တောင်းစားနိုင်ငံဘဝရောက်အောင်လုပ်ပြီး ပြည်သူတွေအပေါ်ထင်သလို ဖိနှိပ်ရမ်း ကားခဲ့ကြတယ်။ ဒါတင်အားမရသေးဘဲ မိုလ်နေဝင်းအစိုးရဟာ သူတို့ ထုတ်ဝေထားတဲ့ ငွေစက္ကူတွေ ကို သူတို့ ကိုယ်တိုင် သုံးကြိမ်တိတိ တရားမဝင်ကြေငြာပြီး လူထုရဲ့ စည်းစိမ် ဥစ္စာတွေကို လုယူဓါးပြ တိုက်ကြပါတယ်။

အ ` ဒ ိအ ခ ျိန ်မ ၂၁ ပြည်သူတွေဟာအကြောက်တရားနဲ့ နေသားကျနေပါပြီ။ ဒီတော့ ပြည်သူလူထု ခမျာ ဘာမှ မတတ်နိုင်ဘဲ ခေါင်းငုံ့ခံရုံ၊ လည်း စင်းပေးလိုက်ရုံသာ ရှိတော့တာပေ့ါ။ ကြောက်မယ်ဆို လည်း လူတွေအတွက် ကြောက်လောက်စရာ သင်ခန်းစာတွေက ရှေ့မှာ ရှိပြီးသားမဟုတ်လား။

မိုလ်နေဝင်းဟာ ပြည်သူရွေးကောက်တင်မြောက်ထားတဲ့ ဝန်ကြီးချုပ်ဦးနုဆီက အာဏာသိမ်း ပြီးလို့ ဘာမှ သိပ်မကြာဘူး။ ပထမဦးဆုံး (၁၉၆၂) ဇူလိုင် (၇) ရက်နေ့မှာ ရန်ကုန်တက္ကသိုလ်ကျောင်း သားထုအပေါ် အုပ်စုလိုက်သတ်ဖြတ်ပွဲလုပ်ပြီး ကျောင်းသားလှုပ်ရှားမှုကြီးကို ရက်ရက်စက်စက် ဦး ချိုးပစ်ခဲ့ကြပါတယ်။ ဇူလိုင် (၇) လူသတ်ပွဲမှာ သာမက (၁၉၇၄) အလုပ်သမားသပိတ်ကြီး၊ သီးသန့် ဈာပနအရေးအခင်း၊ မှိုင်းရာပြည့် . . . အစရှိတဲ့ လူထုလှုပ်ရှားမှုများကိုပါ တောက်လျှောက်ဆိုသလို ပြတ်ပြတ်သားသား နှိပ်ကွပ်ပြလိုက်တော့ ပြည်သူအများ စုဟာ အကြောက်တရားမှာ ငြိမ်ဝပ်သွားကြ တော့တာပေ့ါ။

ဒါတောင် မိုလ်နေဝင်းအစိုးရရဲ့ လူသတ်ပွဲတွေက အကုန်မဟုတ်သေးဘူး။ ရှစ်လေးလုံးအရေး တော်ပုံကြီးမှာ ကျဆုံးခဲ့ရတဲ့ ရဟန်းရှင်လူကျောင်းသားပြည်သူတွေမပါသေးဘူး။ ပြီးတော့ ဒုတိယ စစ်အာဏာရှင်အစိုးရ (နဝတ + နအဖ) ခေတ်တစ်လျှောက်လုံးမှာ ကျူးလွန်ခဲ့ကြတဲ့ လူ

မဆန်စွာ ညှင်းပန်းနှိပ်စက်မှုတွေ၊ တိုင်းရင်းသားမျိုးနွယ်စုတွေအပေါ် အုပ်စုလိုက် သတ်ဖြတ်မှုတွေ၊ (၂၀၀၇) ရွှေဝါရောင်တော်လှန်ရေးမှာ သံဃာတော်တွေကိုပါ ပစ်သတ်ခဲ့ကြတာတွေ . . . (စတဲ့ ) ပြည်သူတွေ အပေါ် ဖိနှိပ်ရက်စက်ခဲ့တဲ့ ဖြစ်ရပ်တွေတစ်ခုမှ မပါသေးဘူး။

ဆိုတော့ ကျနော်တို့ မြန်မာပြည်သူလူထုက စစ်အာဏာရှင်တွေ သွတ်သွင်းပေးထားတဲ့ အ ကြောက်တရားမှာ သူတို့ ရဲ့ အနာဂတ်ကို ချင့်ချိန်ပြီး ဘယ်ကိစ္စက လုပ်သင့်တယ်၊ ဘယ်အရာကဖြင့် မ လုပ်သင့်ဘူး . . . ဆိုတာမျိုးနဲ့ ဘဝခရီးကိုရှေ့ဆက်နေရတော့တယ်။ ကျနော်ပြောချင်တာက ဒါဟာ တိုင်းပြည်အတွက်ရော ကျနော်တို့ တစ်မျိုးသားလုံးအတွက်ပါ သိပ်ကို အန္တရာယ်ကြီးတဲ့ အခြေအနေ တစ်ရပ်ဆိုတာပါပဲ။

လက်ရှိမြန်မာလူ့ဘောင်မှာ ထုထည်ကြီးမားစွာ ဖြစ်ပွားနေတဲ့ အဲဒီ "အကြောက်တရား" ဟာ စစ်အာဏာရှင်တွေထက် ပိုမိုကြောက်စရာကောင်းလှပါတယ်။ ဥပမာအနေနဲ့ ပြောရရင် "ကြောက် တတ်ရင် နှစ်ခါသေရတယ်" ဆိုတဲ့ စကားလိုပေါ့။ ကျနော်တို့ ဟာ မတရားဖိနှိပ်ချုပ်ချယ်ခံရလို့ ဘဝ ပေါင်းများ စွာသေခဲ့ကြရပြီးပြီ။

ဒီလိုအခြေအနေမှာ ကျနော်တို့ က ဖိနှိပ်ချုပ်ချယ်မှုကို သတ္တိရှိရှိရင်မဆိုင်ဘဲ ကြောက်နေကြ မယ်ဆိုရင် ကျနော်တို့ အပြင် တိုင်းပြည်ရဲ့ အနာဂတ် မျိုးဆက်တွေအထိပါ စနစ်ဆိုးကြီးက ဝါးမြို သတ်ဖြတ်သွားမှာ သေချာပါတယ်။ ဒီအကြောက်တရားဟာ နိုင်ငံအတွက်သာမက (အငြင်းပွားဖွယ် စာရင်းများ အရ) တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅) မျိုး စုပေါင်းမှီတင်းနေထိုင်လျက်ရှိသော မြန်မာ့ လူ့ဘောင်ကြီးတစ်ခုလုံးရဲ့ ဂုဏ်သိက္ခာကိုပါစိန်ခေါ်နေတာမို့ ကျနော်တို့ အနေနဲ့ မလွှဲမသွေရင်ဆိုင်ဖြေရှင်း ရပါလိမ့်မယ်။

ဒါဖြင့် ကောင်းပြီ။ ကျနော်တို့ က အကြောက်တရားကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ကြမလဲ။ သိပ်အရေးကြီးပါတယ်။ ပြီးတော့ အကြောက်တရားနဲ့ အတူ ဒွန်တွဲပြီးပါလာတဲ့ နောက်တစ်ခုရှိပါ သေးတယ်။ အဲဒါကတော့ "မသိနားလည်မှု" ပါပဲ။

ဒီတော့ ကျနော်တို့ မြန်မာလူ့အဖွဲ့အစည်းကို လုံးဝဆုတ်ယုတ်ပြိုလဲကျသွားစေတဲ့ အဓိကပြ ဿနာဟာ လူတွေရဲ့ အကြောက်တရားနဲ့ မသိနားမလည်မှုပဲလို့ ကောက်ချက်ချကြည့်နိုင်ပါတယ်။ နှစ် ချက်ပေါ့။ ပထမအချက်အနေနဲ့ အကြောက်တရားကနေပဲ စလိုက်ကြရအောင် . . .။

လူတွေရဲ့ ရင်ထဲက အကြောက်တရားကို ရင်ဆိုင်တုန့်ပြန်နိုင်ဖို့ အတွက် ကျနော်တို့ က အ ကြောက်တရားရဲ့ မူလဇစ်မြစ်ကို သိထားရပါမယ်။ ကဲ . . . အကြောက်တရား ဘယ်ကလာပါသလဲ။

*